Security Alert

Supercookies ရန်မှ ကာကွယ်ခြင်း

> ကောင်းတဲ့ cookies တွေ အဆိုးဘက်ကိုရောက်သွားရင် စိုးရိမ်စရာ မလိုဘဲ အောက်ဖော်ပြပါနည်းလမ်းတွေနဲ့ ကာကွယ်နိုင်ပါတယ်။ လူတိုင်းဟာ စားနိုင်တဲ့ cookies တွေကိုသာမက website တွေကနေ ကိုယ့် browser အထဲမှာ ချန်ထားခဲ့တဲ့ code ဖြစ်တဲ့ cookies တွေကိုလည်း သဘောကျကြပါတယ်။

ယင်းတို့ဟာ username ၊ password တွေနဲ့ တခြားသော အချက်အလက်များစွာကို အသုံးပြုတဲ့ session တွေအလိုက် သိမ်းထားနိုင်စွမ်း ရှိပါတယ်။ အဲဒီကတစ်ဆင့် marketing ဝန်ထမ်းတွေဟာ မိမိ site ကို ဝင်ရောက်လာသူတွေရဲ့ အချက်အလက်တွေကို ရနိုင်တဲ့အပြင် website ကြည့်တဲ့ အလေ့အထ (browsing habit) တွေကိုပါသိနိုင်တဲ့အတွက် ဈေးကွက်ချဲ့ထွင်ရာမှာ များစွာအထောက်အကူပြုပါတယ်။

သုံးစွဲသူတွေဘက်က ဒီလို cookies တွေကို ခွင့်ပြုနေသမျှကာလပတ်လုံး website တွေဘက်က tracking လုပ်နေဦးမှာ ဖြစ်ပါတယ်။ Website တွေဘက်ကလည်း cookies တွေဆီကတစ်ဆင့် သူ့ရဲ့အကျင့်တွေကို track လုပ်ပြီး သုံးစွဲသူအတွက် အသင့်တော်ဆုံးဖြစ်နိုင်မယ့် အကြောင်းအရာတွေ၊ ကြော်ငြာတွေကို ပြန်ပြီး suggest လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ပြဿနာဖြစ်နိုင်တာတစ်ခုကတော့ တချို့ ကုမ္ပဏီတွေက ကိုယ့်ရဲ့ခွင့်ပြုချက်မပါဘဲ cookies တွေဆီကတစ်ဆင့် အချက်အလက်တွေ ခိုးယူတာ ဖြစ်ပါတယ်။ ဒီလိုလုပ်ခဲ့ရင်လည်း လွယ်လွယ်ကူကူဖြေရှင်းနည်းတွေ ရှိပါတယ်။

ကိုယ့် browser ရဲ့ privacy control အထဲမှာရှိတဲ့ standard HTTP cookies တွေကို disable လုပ်ပြီး ကာကွယ်နိုင်ပါတယ်။ ဒါပေမဲ့ တချို့ site တွေက ဒီလို privacy control တွေကို အလွယ်တကူ ကျော်ဖြတ်နိုင်တဲ့ supercookies တွေကို အသုံးပြုကြပါတယ်။ Supercookies တွေဆိုတာ site တွေကနေ စေလွှတ်ထားတာ ဖြစ်ပါတယ်။ တကယ်လို့ ကိုယ့် browser က cookies တွေကို ဖျက်လိုက်ရင်၊ ဒါမှမဟုတ် block လုပ်ထားရင်တောင်မှ supercookies တွေကတစ်ဆင့် သုံးစွဲသူတွေရဲ့ အချက်အလက်တွေကို ဆက်လက်ရယူနေနိုင်ပါတယ်။

Supercookies တွေကို manually ရှင်းလိုက်နိုင်ပါတယ်။ ဒါပေမဲ့ regular cookies တွေကိုရော၊ supercookies တွေကိုပါ ရှင်းဖို့ဆိုတာ အချိန်လိုပါတယ်။ Flash cookies တွေကိုရှင်းဖို့ဆိုရင် Adobe website storage settings panel *(find.pcworld.com/72191)* ကိုသွားပြီး delete all sites ကို နှိပ်ပြီး Flash မှာရှိတဲ့ cookies တွေအားလုံးကို ရှင်းနိုင်ပါတယ်။ ပြီးရင် global storage settings panel *(find.pcworld.com/72192)* ကို သွားပြီး third-party flash content တွေကို disallow လုပ်တဲ့အတွက် အနာဂတ်မှာ ကိုယ့် PC အပေါ်မှာ မလိုအပ်တဲ့ cookies တွေကိုရှင်းနိုင်ပြီ ဖြစ်ပါတယ်။

အထက်ပါအဆင့်တွေကိုကြည့်ပြီး Flash အပေါ်မှာ အရမ်းမှီခိုနေရတာ တွေ့ရပါတယ်။ ဒါကြောင့် Flash မဟုတ်ဘဲ တခြား အခမဲ့ရနိုင်တဲ့ utility တွေ လည်း ရှိပါတယ်။ အဲဒါတွေက SlimCleaner *(find.pcworld.com/72193)* နဲ့ CCleaner *(find.pcworld.com/71543)* တို့ ဖြစ်ပါတယ်။ IntelliCookies ကတော့ ကိုယ် ခွင့်ပြုထားတဲ့ trusted site တွေရဲ့ cookies တွေကလွဲလို့ ကျန်တဲ့ cookies တွေအားလုံးကို ရှင်းပစ်မှာ ဖြစ်ပါတယ်။

Mac အတွက်လည်း OS X သုံးစွဲတယ်ဆိုရင်တော့ Flash cookies removal ဖြစ်တဲ့ Flash *(find.pcworld.com/72194)* ကို အသုံးပြုနိုင်ပါတယ်။

နောက်ဆုံးအဆင့်ကာကွယ်နည်းအနေနဲ့ ကိုယ့်ရဲ့ browser မှာ supercookies တွေ ဝင်ရောက်တာကို ကာကွယ်တဲ့ software တစ်ခု install လုပ်ဖို့ ဖြစ်ပါတယ်။ Firefox extension တွေဖြစ်တဲ့ BetterPrivacy *(find.pcworld.com/72195)* နဲ့ NoScript *(find.pcworld.com/70713)* တို့ဟာ web script တွေတွေ့တာနဲ့ run ဖို့ သင့်၊ မသင့်ဆိုတာ သုံးစွဲသူကို အရင်လာမေးမှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ သုံးစွဲမှုအပေါ် ဘယ်သူတွေက track လုပ်နေသလဲဆိုတာ စစ်ဆေးနိုင်တဲ့ browser fingerprint test ကို panopticlick.eff.org ကတစ်ဆင့် အခမဲ့ရနိုင်ပါတယ်။ ဒီလို အထက်ပါနည်းလမ်းများစွာနဲ့ ကိုယ့် browser ကို လုံခြုံမှုရယူနိုင်ပြီ ဖြစ်ပါတယ်။ ■

ကောင်းမြတ်ထွဋ်